# Company Profile (Amata Holding Public Co., Ltd.)

| | | | |
|---|---|---|---|
| ကုမ္ပဏီအမည် | အမတဟိုး(လ်)ဒင်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် | | |
| ကုတ်နံပါတ် | ၀၀၀၀၇ | ISIN code | MM0000700003 |
| စတင်တည်ထောင်သည့်နေ့ | ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက် | စီမံအုပ်ချုပ်သူ | ဦးဝင်းအောင်<br>(ဥက္ကဋ္ဌ) |
| စာရင်းဝင်ဖြစ်သည့်နေ့ | ၂၀၂၂ ခုနှစ် ဇွန်လ ၃ ရက် | ဘဏ္ဍာရေးနှစ် | အောက်တိုဘာလ ၁ရက်နေ့မှ<br>စက်တင်ဘာလ ၃၀ရက် |
| အများပြည်သူသို့<br>ထုတ်ရောင်းထားသည့်<br>ရှယ်ယာ | ၁၀,၄၉၇,၅၉၈ ရှယ်ယာ<br>(၂၀၂၀ မတ်လ ၃၁ရက်နေ့ရှိ) | ထည့်ဝင်ပြီး<br>မတည်ရင်းနှီးငွေ | ကျပ် ၃,၄၈၇,၉၉၀,၀၀၀<br>(၂၀၂၀ မတ်လ ၃၁ရက်နေ့ရှိ) |
| ဖုန်းနံပါတ် | +၉၅-၉-၈၉၉၀၄၄၀၇၇<br>+၉၅-၉-၈၉၉၀၄၄၀၈၈<br>+၉၅-၉-၈၉၉၀၄၄၀၉၉<br>ဖက်(စ်): +၉၅-၁-၆၅၇၆၉၀ | Email လိပ်စာ | info@amataholding.com |
| လိပ်စာ | အမှတ်၁၀၊ အင်းယားရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။ | | |
| လုပ်ငန်း | Amata သည် အများနှင့်သက်ဆိုင်သော ဟိုး(လ်)ဒင်းကုမ္ပဏီ တစ်ခုဖြစ်၍ ကျွန်ုပ်တို့၏ အဓိကစီးပွားရေးလုပ်ငန်းမှာ အပန်းဖြေဟိုတယ်များ စီမံလည်ပတ်ဆောင်ရွက်ခြင်းနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းတို့ ဖြစ်ပါသည်။ Amata သည် United International Group Ltd (UIG) ၏ အစုရှယ်ယာ ၉၉.၉၉% နှင့် Myanmar Ballooning Co., Ltd (MB) ၏ အစုရှယ်ယာ ၅၁% ကိုပိုင်ဆိုင်ပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် အလယ်အလတ်အဆင့် နှင့် အဆင့်မြင့် အပန်းဖြေနေရာများ၊ ဟိုတယ်များ နှင့် Spa များကို တည်ဆောက်၍ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လုပ်ငန်းနယ်ပယ်၏ ဦးဆောင်သူတစ်ဦး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဧည့်ဝန်ဆောင်မှုကဏ္ဍတွင် အလယ်အလတ်အဆင့်နှင့် အဆင့်မြင့် ဈေးကွက်အပိုင်းအခြားအတွက် အောက်ဖော်ပြပါ အပန်းဖြေနေရာနှင့်ဟိုတယ်များကို UIG လက်အောက်မှတစ်ဆင့် လည်ပတ်ဆောင်ရွက်လျှက်ရှိပါသည်။<br><br>• Amata Resort & Spa (Ngapali Beach)<br>• "My Bagan Residence" by Amata<br>• Amata Garden Resort (Inle Lake)<br>• Amata Garden Resort (Bagan)<br>• "My Hpa An Residence" by Amata<br><br>ကျွန်ုပ်တို့၏ အပန်းဖြေအနားယူစခန်းများသည် ပုံမှန်အားဖြင့် အခန်း ၅၀ မှ ၂၀၀ ကြား | | |

| | |
|---|---|
| | ရှိပါသည်။ ကျွန်ုပ်တို့သည် အဆင့်မြင့် စားသောက်ဆိုင်များ၊ ဘစ်ထရို (bistro) များ နှင့် Spa တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏ ဟိုတယ်နှင့်အပန်းဖြေစခန်း (၅)ခု တို့မှတဆင့် ကျွန်ုပ်တို့၏ ခရီးသွားဧည့်သည်များသို့ အပန်းဖြေခရီးသွားခြင်းဆိုင်ရာ အတွေ့ကြုံမျိုးစုံတို့ကို ပေးစွမ်းလျှက်ရှိပါသည်။ လူစီးမီးပုံးပျံ ပေါ်တွင် စီးနင်းလိုက်ပါ၍ ကောင်းကင်မြင်ကွင်းဖြင့် မြန်မာ့အလှ၊ မြန်မာ့သဘာဝကို တစ်ဝကြီးကြည့်ရှုခံစားနိုင်မည့် "Oriental Ballooning Service" ကို (MB မှတစ်ဆင့်) မြန်မာပြည်ရှိ မြို့ကြီး (၆) မြို့တွင် လူစီးမီးပုံးပျံ ၁၅ လုံး ဖြင့် ကျွန်ုပ်တို့ခရီးသွားဧည့်သည်များ၏ ခရီးသွားအတွေ့အကြုံများကို ပြီးပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျှက်ရှိပါသည်။ |
| ဒါရိုက်တာအဖွဲ့ဝင်များ | ဦးဝင်းအောင် (ဥက္ကဋ္ဌ)<br>ဒေါ်နေမြတ်သူအောင် (ဒါရိုက်တာ)<br>ဒေါ် နီလာဝင်း (ဒါရိုက်တာ)<br>ဒေါ်သန်းသန်းအောင် (ဒါရိုက်တာ)<br>ဒေါ်ခင်စုစုဟန် (ဒါရိုက်တာ)<br>ဦးကျော်ပိုင် (သီးခြားလွတ်လပ်သော ဒါရိုက်တာ)<br>ဒေါ်သီတာအေး (သီးခြားလွတ်လပ်သော ဒါရိုက်တာ) |
| Website လိပ်စာ | www.amataholding.com |
| အဓိကငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ | မြန်မာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် |
| စာရင်းစစ် | Khin Su Htay & Associates Limited |
| ကုမ္ပဏီ၏ နောက်ခံသမိုင်း | ကျွန်ုပ်တို့၏ကုမ္ပဏီကို အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အမည်ဖြင့် ၁၉၁၄ ခုနှစ် ကုမ္ပဏီအက်ဥပဒေ (မြန်မာကုမ္ပဏီများဥပဒေဖြင့် အစားထိုးဖျက်သိမ်းပြီး) နှင့်အညီ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် မြန်မာနိုင်ငံ၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။<br><br>“Amata” အမှတ်တံဆိပ်ဖြင့် အပန်းဖြေအနားယူစခန်းများနှင့် တွဲလျှက်စားသောက်ဆိုင်လုပ်ငန်းများကို အဓိက အလေးထားလုပ်ကိုင်ဆောင်ရွက်သည့် UIG ကို ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်၍ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။<br><br>“Amata” အမှတ်တံဆိပ်အောက်တွင် “Amata Resort (ငပလီ ကမ်းခြေ) ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ယင်းဟိုတယ်အပန်းဖြေစခန်းကို စတင်လည်ပတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းမှဆက်လက်၍ အုပ်စုအနေဖြင့် လုပ်ငန်းချဲ့ထွင်လာခဲ့ရာ ၂၀၁၁ ခုနှစ်တွင် “My Bagan Residence” ကို ပုဂံဒေသ၌ ဖွင့်လှစ်လုပ်ကိုင်နိုင်ခဲ့ပါသည်။<br><br>ကနဦး ဟိုတယ်အပန်းဖြေစခန်း နှစ်ခုအပေါ်တွင် ရရှိထားသော မိမိတို့၏အောင်မြင်မှုကို အသုံးချလျက် "Amata Garden Resort" ကို ၂၀၁၃ ခုနှစ်တွင် အင်းလေးကန်ဒေသ၌ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အုပ်စုအနေဖြင့် မိမိတို့၏ လုပ်ငန်းအမျိုးမျိုးကို ချဲ့ထွင်၍ ပိုမိုစုံလင်အောင်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ရာ "Oriental Ballooning Service" အမည်ဖြင့် |

| | |
|---|---|
| | "လူစီးမီးပုံးပျံ" လုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် MB ကုမ္ပဏီမှတဆင့် လုပ်ကိုင်နိုင်ခဲ့ပါသည်။<br><br>ပုဂံရှိ "My Bagan Residence" ၏ အောင်မြင်မှုအရှိန်အဟုန် အားကောင်းစေရန် Amata Garden Resort (ပုဂံ) ကို ထူထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာတွင် ဧည့်သည်များအတွက် ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နောက်ထပ် ဗီလာ (villa) (၂၀) ခန့် တည်ဆောက်ခြင်းဖြင့် Amata Garden Resort (အင်းလေးကန်) ကိုတိုးချဲ့ခဲ့သကဲ့သို့ Amata Garden Resort (ပုဂံ) အတွက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာတွင် အခန်း (၁၂) ခန်းထပ်မံတိုးချဲ့ခဲ့ကာ Amata Garden Resort (အင်းလေးကန်) အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာတွင် အခန်း (၉၃) ခန်း ထပ်မံ တိုးချဲ့ခဲ့ပါသည်။<br><br>၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကုမ္ပဏီသည် UIG ၏ ထုတ်ဝေပြီး အစုရှယ်ယာစုစုပေါင်း၏ ၉၉.၉၉ ရာခိုင်နှုန်း နှင့် MB ၏ ထုတ်ဝေပြီးအစုရှယ်ယာစုစုပေါင်း၏ ၅၁ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ပါသည်။ သို့ဖြစ်ရာ UIG နှင့် MB တို့သည် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများဖြစ်လာကြပါသည်။<br><br>မိမိတို့၏ ဟိုတယ်နှင့် အပန်းဖြေစခန်းရင်းနှီးမြှုပ်နှံမှုအစုစုတွင် နောက်ဆုံးတိုးချဲ့မှုအဖြစ် "My Hpa An Residence" by Amata ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာတွင် ဧည့်သည်များအတွက် ပထမဆုံး စတင်ဖွင့်လှစ်ပေးခဲ့ပါသည်။<br><br>၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၈ ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်း (Main Board) ၌ စာရင်းဝင်ကုမ္ပဏီဖြစ်ရန် ခွင့်ပြုချက်ရရှိခဲ့ပါသည်။<br><br>၂၀၂၁ ခုနှစ်၊ ဇွန်လ၊ ၃ ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့ပါသည်။ |